စီရင်ချက်ပုံစံ

# ပန်းဘဲတန်းမြို့နယ်တရားရုံးတော်၌

## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃

## ၂၀၁၉ ခုနှစ် ၊ဒီဇင်ဘာလ ၊ (၂၄) ရက်

ဦးအောင်အောင်နိုင် ဦးကျော်ဝင်းထွန်း

နှင့်

(တရားလို) (တရားပြိုင်)

တရားလိုအတွက် - အထက်တန်းရှေ့နေ ဒေါ်ဝင်းမာထွန်း ။

တရားခံအတွက် - ကိုယ်တိုင် ။

**ပေးအပ်ထားသည့် စရံငွေ ၇၄၀၈၀၀ိ/-(ခုနှစ်သိန်းလေးသောင်းရှစ်ရာကျပ်တိတိ) နှင့် နစ်နာကြေးငွေကျပ် ၃၀၀၀၀၀ိ/-(သုံးသိန်းကျပ်တိတိ)၊ စုစုပေါင်း ငွေကျပ် ၁၀၄၀၈၀၀ိ/-(ဆယ်သိန်းလေးသောင်းရှစ်ရာကျပ်တိတိ) ရလိုမှု**

## စီရင်ချက်

အမှုမှာ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းမြို့နယ် အရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၅၅)၊ (၅)လွှာနေ တရားလို ဦးအောင်အောင်နိုင် မှ တရားပြိုင် ဦးကျော်ဝင်းထွန်း၏ K.Z.M ပုံနှိပ်လုပ်ငန်းတွင် RENASSANCE အမည်ဖြင့် စာအုပ်ပုံနှိပ်ထုတ်ဝေရန် တစ်အုပ်လျှင်ငွေ ၇၅ဝိ/- ကျပ်(ခုနှစ်ရာ့ငါးဆယ်ကျပ်တိတိ) ဖြင့် အုပ်ရေ ၁၀၀၀ အတွက်ကျသင့်ငွေ ၇၅၀၀၀ိ/-ကျပ်(ခုနှစ်သိန်းငါးသောင်းကျပ်တိတိ) ဖြင့် အပ်နှံခဲ့ပြီး စရံငွေ ၄၀၀၀၀ိ/- ကျပ်(လေးသိန်းကျပ်တိတိ) ကိုပေးချေခဲ့ရာတွင် တရားပြိုင်မှ စာအုပ်ထုတ်ရန်ငွေမလုံလောက်ကြောင်းပြောသဖြင့် ငွေကျပ် ၁၅၀၀၀ိ/-(တစ်သိန်းငါးသောင်းကျပ်တိတိ) နှင့် စာအုပ်ဖလင်ဖိုး ငွေကျပ် ၁၉၀၈၀ိ/- ကျပ်(တစ်သိန်းကိုးသောင်းရှစ်ရာကျပ်တိတိ) ကို ထပ်မံပေးအပ်ခဲ့သော်လည်း တရားပြိုင်မှ စာအုပ်များအားပေးအပ်ခဲ့ခြင်းမရှိသဖြင့် တရားလိုပေးအပ်ထားသော စာအုပ်ဖိုးစရံငွေ ၇၄၀၈၀၀ိ/-(ခုနှစ်သိန်းလေးသောင်းရှစ်ရာကျပ်တိတိ) နှင့် နစ်နာကြေးငွေကျပ် ၃၀၀၀၀၀ိ/(သုံးသိန်းကျပ်တိတိ) စုစုပေါင်း ငွေကျပ် ၁၀၄၀၈၀၀ိ/-(ဆယ်သိန်းလေးသောင်းရှစ်ရာကျပ်တိတိ) ရလိုမှု စွဲဆိုထားခြင်းဖြစ်သည်။

တရားလို၏ အဆိုလွှာတွင် တရားလိုသည်RENASSANCE အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သူ တစ်ဦးဖြစ်ကြောင်း၊ တရားပြိုင်မှာ K.Z.M အမည်ဖြင့် ပုံနှိပ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပြီး အဆိုပါ ပုံနှိပ်လုပ်ငန်းတွင်RESSANCESS အမည်ဖြင့် စာအုပ်ပုံနှိပ်ထုတ်ဝေရန် အုပ်ရေ ၁၀၀၀ အတွက်ကျသင့်ငွေ ၇၅၀၀၀ဝိ/- ကျပ်တိတိဖြင့် အပ်နှံရာတွင် စရံငွေ ၄၀၀၀၀ဝိ/- ကျပ်တိတိ အား ပေးချေခဲ့ပြီးကြောင်း၊ ထို့နောက် ငွေထပ်မံ တောင်းဆိုသဖြင့် (၂၃.၆.၂၀၁၈) ရက်နေ့တွင် ငွေကျပ် ၁၅၀၀၀ဝိ/- တိတိကိုထပ်မံပေးအပ်ခဲ့ကြောင်း၊ ထို့နောက် (၂၁.၆.၂၀၁၈)ရက်နေ့တွင် စာအုပ်ဖလင်ဖိုးငွေကျပ် ၁၉၀၈၀ဝိ/- ကျပ်အား ပေးအပ်ခဲ့သော်လည်း စာအုပ်များအားပေးအပ်ခဲ့ခြင်းမရှိသဖြင့် ဤအမှုတရားစွဲဆိုရန်အကြောင်းပေါ်ပေါက်ကြောင်း၊ တရားလိုသည် တရားပြိုင်ထံမှ စာအုပ်ဖိုးစရံငွေ ၇၄၀၈၀ဝိ/-ကျပ်နှင့် နစ်နာကြေး ၃၀၀၀၀ဝိ/- ကျပ်ကို ပြန်လည်ရထိုက်ကြောင်း အဆိုပြုသည်။

တရားလို၏ အဆိုလွှာပါ အဆိုပြုချက်များကို တရားပြိုင် ဦးကျော်ဝင်းထွန်းက ၎င်း၏ ချေပလွှာတွင် မှန်ကန်ကြောင်းဝန်ခံပြီး ချေလွှာတင်ပြသည်။

**တရားမကျင့်ထုံးဥပဒေ အမိန့် -၁၂၊ နည်းဥပဒေ-၆(၁)တွင်-**

အဆိုအချေများအရဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အကြောင်းခြင်းရာဝန်ခံချက်များပြုပြီးသောအခါ တရားမမှုတစ်မှု၏ မည်သည့်အဆင့်တွင်မဆို ၊ အမှုသည် တစ်ဦးဦးသည် နှစ်ဘက်အမှုသည်များ အငြင်းပွားလျက်ရှိသော အခြားပြဿနာတစ်ရပ်ရပ်အပေါ် အဆုံးအဖြတ်ပေးသည်ကို စောင့်ဆိုင်းခြင်းမပြုတော့ဘဲ အဆိုပါ ဝန်ခံချက်များအရ ရထိုက်ခွင့်ရှိသော စီရင်ချက် သို့မဟုတ် ဒီကရီ သို့မဟုတ် အမိန့်ကို ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် အဆိုပါ လျှောက်ထားချက်အရဖြစ်စေ၊ အလျောက်ဘာသာဖြစ်စေ တရားမျှတသည်ထင်မြင်သော စီရင်ချက် သို့မဟုတ် ဒီကရီ သို့မဟုတ် အမိန့်ကို ချမှတ်နိုင်သည်။ ဟုပြဋ္ဌာန်းထားသည်။

တရားလို၏ အဆိုပြုချက်များကို တရားပြိုင်မှ ဝန်ခံထားသည်ဖြစ်ရာ အဆိုပါ ဝန်ခံချက်အရ တရားလိုသည် တောင်းဆိုသော သက်သာခွင့်ကို ရထိုက်သော်လည်း တရားပြိုင်မှ ရိုးသားစွာ ဝန်ခံ ချေလွှာတင်သည်ဖြစ်၍ နစ်နာကြေးမှာ မည်သို့မည်ပုံ နစ်နာကြောင်း တင်ပြထားခြင်းမရှိ၍ နစ်နာကြေးအဖြစ် တောင်းဆိုထားသော သက်သာခွင့်မှာ မရထိုက်ပေ။

ထို့ကြောင့် တရားပြိုင်ဦးကျော်ဝင်းထွန်းသည် တရားလို ဦးအောင်အောင်နိုင်သို့ ငွေကျပ် ၇၄၀၈၀ဝိ/- (ခုနစ်သိန်းလေးသောင်းရှစ်ရာကျပ်တိတိ) ကို တရားစရိတ်နှင့်တကွ ပေးဆပ်စေရန် **တရားမကျင့်ထုံးဥပဒေ အမိန့် - ၁၂၊ နည်းဥပဒေ- ၆ (၁) အရ** အမိန့်ချမှတ်လိုက်သည်။

ရှေ့နေခ မသတ်မှတ်။